
# ACC Against COVID-19




အစီအစဉ် (၂၇)

## ကိုဗစ်-၁၉ နှင့် ဖြောင့်မတ်တည်ကြည်မှု

တင်ပြသူ
မျိုးလွင်ဦး

“ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာ
ရိုးသားဖြောင့်မှန်သော
အရည်အချင်းနှင့် ခိုင်မာသော
ကိုယ်ကျင့် တရားဆိုင်ရာ
ကျင့်ဝတ်များစောင့်ထိန်း
ထားရှိခြင်းကို ဆိုသည်။
ကိုယ်ကျင့်သိက္ခာတည့်မတ် မှန်ကန်မှု
ရှိခြင်းပင်တည်း”

# Integrity

“Integrity is the quality of being honest and having strong moral principles ; moral uprightness.”

အဂတိလိုက်စားမှု လျော့နည်းကျဆင်းရေးအတွက် အောက်ဖော်ပြပါ ကဏ္ဍ (၃) ရပ်တွင် ဖြောင့်မတ်တည်ကြည်မှု(Integrity)သည် အခြေခံအကျဆုံးဖြစ်ပါသည်-

(က) နိုင်ငံတော်ကဏ္ဍ (Government Sector, Public Sector)


(ခ) ပုဂ္ဂလိကကဏ္ဍ (Private Sector)

(ဂ) အရပ်ဖက်လူ့အဖွဲ့အစည်း (Civil Society)

အခွင့်အာဏာသည် အဂတိ လိုက်စားမှုနယ်ပယ်နှင့် အမြဲယှဉ်တွဲဖြစ်ပေါ်လေ့ရှိပါသည်။
အကြွင်းမဲ့အာဏာသည် အဂတိလိုက်စားမှုကို ဆိုးရွားစွာဖြစ်ပေါ်စေတက်ပါသည်။ ထို့ကြောင့်
နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အခွင့်အာဏာကို ဂရုပြု
စောင့်ကြည့်ထိန်းကျောင်းသင့်ပါသည်။









Corruption သည် ရောဘဝဲကဲ့သို့
လက်တံများစွာပါရှိပြီး
အလွန်ကျယ်ပြန့်ပါသည်။
လက်တံများမှာ-



(က) မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်း
(Favoritism)



(ခ) လက်ဆောင်ပေးရခြင်း
(Tribute)



(ဂ) လုပ်ပိုင်ခွင့်အာဏာ
(Competence)



(ဃ) အာဏာပိုင်အဖွဲ့အစည်း
(Authority)

# အဂတိလိုက်စားမှု (Corruption) ကို အောက်ပါ P (၄)လုံး နှင့် အလွယ်တကူသတ်မှတ်၍ ရနိုင်ပါသည်-

| (က) ဦးစားပေးမှု (Preference) | (ခ) ပေးကမ်းခြင်း (Payment) | (ဂ) အထူးအခွင့်အရေး (Privilege) | (ဃ) အာဏာ (Power) |
|---|---|---|---|

ရေဘဝဲလက်တံများ (Corruption) ကို

ချိုးဖြတ်နိုင်ရန်နှင့် (4P) ကို တိုက်ဖျက်ရန်အတွက်

ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်

နေကြသူများ၏ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း

(သို့မဟုတ်) ဖြောင့်မတ်တည်ကြည်မှုရှိခြင်းသည်

အဓိကအချက်ပင်ဖြစ်ပါသည်။



COVID-19 ရောဂါကူးစက်ပြန့်ပွားနေမှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တစ်ပြိုင်တည်း သက်ရောက်မှုရှိနေပါသည်။ ထိုအကြပ်အတည်း စတင်ဖြစ်ပေါ်လာပြီးသည့် နောက်တွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများ လျော့ပါးရေးနှင့် စီမံခန့်ခွဲရေး၊ အဂတိလိုက်စားမှု ကျူးလွန်သူများကို အရေးယူအပြစ်ပေးရေးကိစ္စများကို ဦးစားပေးဆောင်ရွက်နေမှုများ လျော့ကျ လာတတ်ပါသည်။ ကပ်ရောဂါဖြစ်ပွားနေမှုကို အခွင့်ကောင်းယူ၍ ၎င်းတို့၏ အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်များကို ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်လာနိုင်ပါသည်။



# ကပ်ရောဂါတစ်ခု ပြန့်ပွားချိန်တွင် အောက်ပါအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်-

(က) အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများကို တိုးပွားစေသည့် အရေးပေါ်ဝယ်ယူမှုများ

(ခ) ပစ္စည်း ပေးသွင်းမှုများတွင် အရည်အသွေး မပြည့်မီခြင်း၊ ဈေးအဆမတန်တင်၍ ရောင်းချခြင်းနှင့် မှောင်ခိုဈေးကွက်များတွင် ပြန်လည် ရောင်းချခြင်း၊

(ဂ) ဈေးကွက်အတွင်း စံချိန်မမီသောထုတ်ကုန်များ၊ ထုတ်ကုန်အတုများ ဝင်ရောက်မှု များပြားလာခြင်းတို့ဖြစ်ပါသည်။

ယခုကဲ့သို့ အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ရချိန်တွင်

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အထူးသဖြင့် ထိခိုက်လွယ်သော

လူအုပ်စုများအတွက် ငွေကြေး၊ ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်အကိုင်ရရှိရေး

အစီအစဉ်များကို နိုင်ငံတော်မှ ဖော်ဆောင်ပေးလျက်ရှိပါသည်။

အစီအစဉ်များ ဆောင်ရွက်ရန် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများမှ ငွေကုန်ကြေးကျများစွာ ကုန်ကျခံသုံးစွဲရပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း အထိုက်အလျောက် ကြီးမားလှပါသည်။ ယင်းအစီအစဉ်များကို စီမံဆုံးဖြတ်ပေးသူများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိရန် လိုအပ်လှပါသည်။


The Government of the Republic of the Union of Myanmar
Ministry of Planning and Finance

Myanmar Sustainable Development Plan (2018 – 2030)

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး
ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း
(၂၀၁၈-၂၀၃၀) (MSDP)၊ မဏ္ဍိုင် (၁)
ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ ပန်းတိုင် (၁)၊
မဟာဗျူဟာ ၁.၄ တွင် ရေးဆွဲထားသော
လုပ်ငန်းစဉ်များ၌ ဖော်ပြထားသည့်
အစိုးရကဏ္ဍအသီးသီးရှိ ရိုးသားဖြောင့်မတ်မှုနှင့်
တာဝန်ယူမှု မြင့်မားလာခြင်းတို့ကို
ဖော်ပြထားပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် အသီးသီးမှ

ပါဝင်သူများ အားလုံးသည် ဖြောင့်မတ်တည်ကြည်မှုရှိစွာဖြင့် မိမိတို့ကျရာ

ကဏ္ဍတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေရန်

ဆုမွန်ကောင်းတောင်းအပ်ပါသည်။